**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စွမ်းအင်ဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ် ၁၃၈ /၂၀၂၅

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပုဒ်မ ၅၄ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤအမိန့်ကို ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့် ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဦးစီးဌာန** ဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနကိုဆိုသည်။

(ခ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးအား ရေမဲ့ အီသနော (Anhydrous Ethanol) သို့မဟုတ် အခြားဇီဝအရင်းအမြစ်များဖြင့် ရောစပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက ထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်။

(ဂ) **လျှောက်ထားသူ** ဆိုသည်မှာ လုပ်ငန်းလိုင်စင်ရယူလိုသော ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဃ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ပြည်တွင်း၌ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်ထားသော ဇီဝလောင်စာဆီများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းလိုင်စင် ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

## အခန်း(၂)
## လိုင်စင်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၃။ လျှောက်ထားသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ကနဦးလျှောက်ထားရာတွင် ဦးစီးဌာနသို့ အောက်ပါအချက်အလက် အထောက်အထားပြည့်စုံစွာဖြင့် လျှောက်ထားရမည်-

(က) လိုင်စင်ခွင့်ပြုထုတ်ပေးရန်လျှောက်လွှာ၊

(ခ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(ဂ) ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ် လိပ်စာ၊
(Address, Phone No., Email Address)

(ဃ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက -

(၁) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ မှတ်ပုံတင်လက်မှတ် (Company or Registration Card) ၊

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အကြောင်းအရာအကျဉ်းချုပ် (Company or Organization Profile) ၊

(၃) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (Certificate of Exporter/ Importer Registration) ၊

(၄) ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အသင်းဝင်လက်မှတ် (Certificate of Membership (UMFCCI)) ၊

(၅) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသော ကုမ္ပဏီဆိုင်ရာအချက်အလက် (Company Extract Form of DICA) ၊

(င) လုပ်ငန်းဆောင်ရွက်မည့်မြေနေရာ၏ တည်နေရာပြမြေပုံ (Google Map)၊

(စ) လုပ်ငန်းဆောင်ရွက်မည့်နေရာ၏ အကျယ်အဝန်း အကွက်ချပုံစံ (Layout Plan)နှင့် အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing)၊ (အနည်းဆုံးရှိရမည့် မြေဧရိယာမှာ ၁.၀ ဧကဖြစ်ပါသည်။)

(ဆ) မြေနေရာအထောက်အထားအတွက် မြေစာရင်းပုံစံ (၁၀၅) နှင့် (၁၀၆)တို့၏ မိတ္တူ သို့မဟုတ် မြေငှားစာချုပ် သို့မဟုတ် မြေပိုင်ဆိုင်မှုအထောက်အထား၊

(ဇ) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်မည့် ရေမဲ့အီသနော သို့မဟုတ် အခြားဇီဝ အရင်းအမြစ်များကို ရယူခြင်း၊ ဖြန့်ဖြူးခြင်းတို့ ဆောင်ရွက်မည့်နည်းလမ်းနှင့် အစီအမံ။

၄။ ဦးစီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ပြည့်စုံပါကအဆိုပြုအကွက်ချပုံစံ (Layout Plan)နှင့် အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing)အား အတည်ပြုကြောင်း လျှောက်ထားသူထံအကြောင်းကြားရမည်။

၅။ လျှောက်ထားသူသည် ဦးစီးဌာနက အတည်ပြုပုံစံအတိုင်း တည်ဆောက်ပြီးစီးပါက လုပ်ငန်းလိုင်စင်ခွင့်ပြုထုတ်ပေးရန် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်မူရင်းနှင့်မိတ္တူ၊

(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သိုလှောင်ခွင့်လိုင်စင် မူရင်းနှင့် မိတ္တူ၊

(ဂ) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူး ရောင်းချမည့်နေရာရှိ အဆောက်အဦများ၊ သိုလှောင်ကန်များနှင့် ဆက်စပ်ပစ္စည်း များ (Facilities)များကို (ရှေ့၊ နောက်၊ ဝဲ၊ ယာ) ရိုက်ကူးထားသည့် (4" x 6") အရွယ် ရှိ ထင်ရှားသည့်ရောင်စုံဓာတ်ပုံ(၄)ပုံ၊

(ဃ) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ၏ အရည် အသွေးကို ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသောဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေး ထားသည့် စမ်းသပ်မှုသက်သေခံလက်မှတ်မူရင်းနှင့် မိတ္တူ၊

(င) မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် (FSC – Fire Safety Certificate)၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်။

၆။ ဦးစီးဌာနက တာဝန်ပေးအပ်သောအဖွဲ့သည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထား သော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချမည့်နေရာအား အောက်ပါအချက်အလက်များနှင့် ပြည့်စုံမှုရှိ မရှိ စိစစ်ပြီး တွေ့ရှိချက်ကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြရမည်-

(က) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်မည့် ရေမဲ့အီသနော သို့မဟုတ် အခြားဇီဝ အရင်းအမြစ်များကို ရယူခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် တင်ပြထားသည့် ဆောင်ရွက် မည့်နည်းလမ်းနှင့် အစီအမံအတိုင်း ဆောင်ရွက်ထားခြင်းရှိ မရှိ၊

(ခ) ဦးစီးဌာနကအတည်ပြုထားသော အဆိုပြုအကွက်ချပုံစံ (Layout Plan)နှင့် အသေးစိတ် ဒီဇိုင်းပုံစံ (Design & Detail Drawing)အတိုင်း တည်ဆောက်ထားခြင်းရှိ မရှိ၊

(ဂ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် အခြားလိုအပ်ချက်များ။

၇။ ဦးစီးဌာနသည် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တင်ပြလျှင် ပြုပြင်ဆောင်ရွက်စေပြီး ထပ်မံကွင်းဆင်းစစ်ဆေးရန် တာဝန်ပေးအပ်ရမည်။

၈။ ဦးစီးဌာနသည် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံမှုရှိကြောင်း တင်ပြလျှင် သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၉။ ဝန်ကြီးဌာနသည် အပိုဒ် ၈ အရ တင်ပြချက်ကိုစိစစ်ပြီး သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေ၍ တစ်နှစ်သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင်ကို လျှောက်ထားသူအား ခွင့်ပြုထုတ်ပေးရမည်။

## အခန်း(၃)
## လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၁၀။ လိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်လိုလျှင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၁။ လိုင်စင်ရရှိသူသည် ဇီဝလောင်စာဆီများ သိုလှောင်ထားရှိရာတွင် –

(က) ရောစပ်ရာတွင် အသုံးပြုမည့် ရေမဲ့အီသနော (Anhydrous Ethanol)ကို အရက်သဘာဝပျက်ပြားစေရန် သီးသန့်သိုလှောင်ကန်တွင် အရက်သဘာဝဖျက်ပစ္စည်း (Denaturing Agent) ရောစပ်ခြင်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းသို့ပြုလုပ်ပြီးကြောင်းအမှတ်အသားနှင့် ဝင်ဆံ့ပမာဏတို့ကို သိုလှောင်ကန်တွင် ထင်ရှားစွာရေးသားဖော်ပြရမည်။

(ခ) အခြားဇီဝအရင်းအမြစ်များဖြင့် ရောစပ်ခြင်းဖြစ်ပါက ယင်းသို့ပြုလုပ်ပြီးကြောင်း အမှတ်အသားနှင့် ဝင်ဆံ့ပမာဏတို့ကို သိုလှောင်ကန်တွင် ထင်ရှားစွာရေးသားဖော်ပြရမည်။

၁၂။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်၍ ဇီဝလောင်စာဆီများအား သီးသန့်သိုလှောင်ကန်တွင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အချိုးအစားအတိုင်း ထည့်သွင်းရောစပ်ရမည်။

၁၃။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းမပြုမီ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းတွင် အရည်အသွေးစမ်းသပ်စစ်ဆေးပြီး စမ်းသပ်မှုသက်သေခံလက်မှတ်ကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၄။ လိုင်စင်ရရှိသူသည် -

(က) ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်ထားသော ဇီဝလောင်စာဆီများ၏ အရည်အသွေးစမ်းသပ်မှုသက်သေခံလက်မှတ်ကို လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ အချိန်အထိ စနစ်တကျ ထိန်းသိမ်းထားရှိရမည်။

(ခ) ဇီဝလောင်စာဆီနမူနာများကို အနည်းဆုံး ရက်ပေါင်း ၆၀ အထိ စနစ်တကျထိန်းသိမ်းထားရမည်။

## အခန်း(၄)

## အထွေထွေ

၁၅။ လိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

၁၆။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရမည့် အခွန်အခများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးသွင်းရမည်။

၁၇။ ဝန်ကြီးဌာနသည် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို လိုအပ်သလို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းပြုနိုင်သည်။

၁၈။ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

ကိုကိုလွင်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ MOE- ၁/၁(ကြော်ငြာစာ)( ၄၇၅၀)၂၀၂၅
ရက် စွဲ ၊ ၂ ၀ ၂ ၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီယာယီသမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

(..........စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး..........ဝန်ကြီးဌာန)

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

..............................................တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ

၎င်းဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများအားလုံး

(..............................................................................................................)

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီ

အမိန့်အရ

(signature)

ထက်သျှန်ဖြိုး

ညွှန်ကြားရေးမှူးချုပ်